# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## နိုင်ငံတော်ကောင်စီ

## ရန်ကုန်မြို့

## ၁၉၇၆ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁။]**

**၁၃၃၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်။**

**(၁၉၇၆ ခုနှစ်၊ မတ်လ ၂၉ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ အနှစ် (၂၀) နှစ်ရှည်စီမံကိန်းနှင့် ဒုတိယလေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင်ပါရှိသည့် ရည်မှန်းချက်နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၄-၇၅ မှ ၁၉၇၇-၇၈) တို့၏ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၆ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၇၆-၇၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အာဏာ တည်ရမည်။

### အခန်း (၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော ဒုတိယလေး နှစ်စီမံကိန်း၏ လမ်းညွှန်မှုများနှင့်အညီ ပြန်လည်ရေးဆွဲထားသည့် ဒုတိယလေးနှစ်စီမံကိန်း၏ တတိယ နှစ်ဖြစ်သော ၁၉၇၆-၇၇ ခု၊ ဘဏ္ဍာရေးနှစ်တွင်အောက်ပါဇယားရှိ ကဏ္ဍအလိုက်ရည်မှန်းချက် များကို ရရှိနိုင်ရန်အတွက် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

(ပုံ) စန်းယု၊

ဥက္ကဋ္ဌ (ကိုယ်စား)၊

နိုင်ငံတော်ကောင်စီ၊

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၃၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်။
(၁၉၇၆ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲ)

အမိန့်အရ၊
(ပုံ) မြကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၆ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ၏ နောက်ဆက်တွဲဇယား။

Myanmar Law Information System (MLIS)